

မူဆိုးကျွန်းကျေးရွာအုပ်စုမူဆိုးကျွန်းကျေးရွာ

ကျွိုက်မရောမြို့နယ်

မွန်ပြည်နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မူဆိုးကျွန်းကျေးရွာ၊ ကျွိုက်မရောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ ——ဇန်နဝါရီ—— လ

Scanned by CamScanner

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	မုဆိုးကျွန်းကျေးရွာ သယံဇာတပြဓေမြေပုံ၊ ကျိုက်မရောမြို့နယ်	၅
	ရာသီခွင်ပြ ပြက္ခဒိန်	၆
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၂
၆။	ပညာရေး	၁၂
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၁၂
၈။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၃
၉။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၃
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၅
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၇
	နောက်ဆက်တွဲ(၄) ကျေးရွာ၏ ဦးစားပေးစီမံချက်(လုပ်ငန်း) အမှတ်ပေးဇယား	၆၀
	နောက်ဆက်တွဲ(၅)ကကျေးရွာ၏ဦးစားပေးစီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ ပုံစံ	၆၂

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

Scanned by CamScanner

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မုဆိုးကျွန်းကျေးရွာ

ကျိုက်မရောမြို့နယ်

Scanned by CamScanner

မုဆိုးကျွန်းကျေးရွာ သယ်ဆောတပြမြေပုံ၊ ကျိုက်မရောမြို့နယ်



Scanned by CamScanner

~~[illegible]~~ ကျေးရွာအုပ်စု၏ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲခြင်း

အဖြစ်ပျက်များ	တန်းခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်												
လက်လုပ်လက်စား မိသားစု ဝင်ငွေရရှိမှု												
အသုံးစရိတ်												
ချေးငွေလိုအပ်မှု						–	–	–	–	–	–	–
ဝမ်းစာဖူလုံမှု												
သောက်သုံးရေရရှိမှု												
တိရစ္ဆာန်အစာရရှိမှု												
တိရစ္ဆာန်ရောဂါ ကျရောက်မှု	–	–	–			–	–	–			–	–
ကျန်းမာရေး(ဖျားနာမှု)		–	–	–			–	–	–	–	–	
သီးနှံဝိုးမွှားရောဂါကျရောက်မှု				–	–	–	–	–				
ပွဲတော်			–	–			–	–	–	–	–	–
သဘာဝဘေးအန္တရာယ်	–	–	–				–	–	–	–	–	–

Scanned by CamScanner

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မုဆိုးကျွန်းကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ် ၏ မုဆိုးကျွန်းကျေးရွာအုပ်စုတွင် ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် လယ်ကွင်းများနှင့် ကရင်ပြည်နယ်နမိတ်၊အနောက်ဘက်တွင် ကော့ခနိကုန်းကျေးရွာ၊ တောင်ဘက်တွင် ဖားပျောက်ကျေးရွာ၊ မြောက်ဘက်တွင် လယ်ကွင်းများရှိပါသည်။ ကျေးရွာတွင် အစ္စလာမ် လူမျိုးများ အများစု နေထိုင်ကြပြီး ကရင်လူမျိုးများမှာ အနည်းစု နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပြီး အပူအအေး မျှတမှုရှိပါသည်။မုဆိုးကျွန်းကျေးရွာတွင် လယ်မြေ (၉၇၃) ဧက၊ ဥယျာဉ်ခြံမြေ (၇၀၀) ဧက နှင့် စားကျက်မြေ(၁၃၇)ဧကတို့ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာတွင် စုစုပေါင်းစိုက်ဧက(၁၈၁၀)ရှိပါသည်။ ဥယျာဉ် ခြံမြေများတွင် ကြက်မောက်ပင်၊ ကျဲကောပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများတွင်လည်း စိုက်ပျိုးပင်များအနည်းငယ် စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ

မုဆိုးကျွန်းကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ မိခင်နှင့်ကလေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူမှုကယ်ဆယ်ရေးအဖွဲ့၊ နာရေးကူညီမှုအသင်း၊ ဂေါပကအဖွဲ့၊ စာသင်ကျောင်းကော်မတီ၊ လူငယ်ပရဟိတအဖွဲ့တို့ရှိပြီး ကျေးရွာ၏ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင် ကြပါသည်။ကျေးရွာတွင် ငွေကြေးနှင့် လုံခြုံရေး၊ကာကွယ်ရေး ဆိုင်ရာအခက်အခဲများတွင် ကျေးရွာမှ တက် အားသရွေ့ စုပေါင်းကူညီကြပါသည်။ မုဆိုးကျွန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာပြင်ပ အဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် မွေးမြူမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မုဆိုးကျွန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၂၁၀)စုရှိပါသည်။ ကျေးရွာ တွင် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့် ရှိနေသော အိမ်ထောင်စုအများစုသည် နေ့စားကျပန်းနှင့်ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။ ၁၂.၅ ဧကအထက်ပိုင်ဆိုင်သည့် တောင်သူကြီး အိမ်ထောင်စု (၃၀)စုရှိပါသည်။ ကျေးရွာတွင် ရဲဆင်းသားတောင်သူ(၇၅)အိမ်ထောင်စု၊ တောင်သူငယ်(၈၀) အိမ်ထောင်စု၊ တောင်သူ လတ်(၆၀)အိမ်ထောင်စု

Scanned by CamScanner

တောင်သူကြီး(၃၀)အိမ်ထောင်စု ရှိပါသည်။မုဆိုးကျွန်းကျေးရွာ၏စိုက်ပျိုးရေးတွင် မိုးရေနှင့် နွေစပါးအား ချောင်း၊ ရေသွင်း မြောင်းများအား အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်ဧကများသည် မိုးတွင်းအခါ ဧာသပြင်မြစ်ကမ်းဘေးတွင်တည်ရှိသောကြောင့် တစ်ခါတစ်ရံရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုး ထား လယ်ကွင်းများရေမြှပ်၍ လယ်သမား အနည်းငယ်အရှုံးပေါ်ပါသည်။

မုဆိုးကျွန်းကျေးရွာသည် ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးပါသည်။ စပါးအထွက်နှုန်းမှာ မြေဆီမြေဩဇာကောင်းသဖြင့် နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေ ပေါ်မူတည်ပြီး အထွက်နှုန်းမှာ ပျှမ်းမျှအနေဖြင့် တစ်ဧကလျှင် (၄၀) တင်းခန့် ထွက်ရှိပါသည်။ ကျေးရွာတွင် မိုးအကုန် မိုးစပါး ရိတ်သိမ်းပြီးပါက ရာသီပေါ်သီးနှံချဉ်ပေါင်၊ ကစွန်းရွက်၊ ပိန်းဥ၊ ကစွန်းဥ ၊မုန်လာဥ ၊ပဲတောင့်ရှည် စသည့် သီးနှံများစိုက်ပျိုးခြင်းနှင့် နွေစပါးစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ကျေးရွာတွင် ရော်ဘာပင် စိုက်ပျိုးသော ဧကစုစုပေါင်း(၃၀)ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှမံ (၉)ပေါင်နှုန်းခန့် ထွက်ရှိပါသည်။

မုဆိုးကျွန်းကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ တစ်ဦးချင်းလက်တွန်းထွန်းစက်(၃၀)စီးနှင့် အစေ့ချကိရိယာ (၁)စီးရှိပါသည်။ကျေးရွာတွင်ကျန်ရှိသော အိမ်ထောင်စု(၁၃၂)စုမှာ တစ်ဦးချင်းပိုင် ထွန်းစက်နှင့်လက်တွန်းထွန်းစက်များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။ မုဆိုးကျွန်းကျေးရွာသည် မော်လမြိုင်မြို့နှင့်ကျိုက်မရောမြို့သို့ သွားလာရေး ခက်ခဲသောလည်း စိုက်ပျိုးရေး မြေဩဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ကျေးရွာမှ ထွက်ရှိသော ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင် ဈေးနှုန်း မှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ကျေးရွာတွင် စိုက်ပျိုးရေးချေးငွေများ အားလယ်ယာစိုက်ပျိုးရေးဘဏ်တွင် အတိုးနှုန်းသက်သက်စွာ ရရှိပါသည်။

စပါးစိုက်ပျိုးရာတွင် မိုးတွင်းအခါ ရေကြီးရေလျှံမှုနှင့် ဖျက်ပိုးရောဂါများရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ လယ်ယာမြေ များတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာ အားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှမည် ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ) မွေးမြူရေးလုပ်ငန်း

မုဆိုးကျွန်းကျေးရွာတွင် နွားမွေးမြူသောအိမ်ထောင်စု(၁၅၀)စု ကောင်ရေ (၄၅

Scanned by CamScanner

၀)ကောင်၊ ဆိတ်မွေးမြူသော အိမ်ထောင်စု(၄)စု ကောင်ရေ(၆၀)နှင့် ဒေသကြက်(၃စား/ အသားတိုး) မွေးမြူသော အိမ်ထောင်စု(၂)စု ကောင်ရေ(၄၀၀)ကောင်တို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါ သည်။ ကျေးရွာသည် တူးမြောင်းနှင့်နီးသောကြောင့် ဝမ်းစာဖူလုံမျှငါး မွေးမြူခြင်းနှင့် ငါးဖမ်းခြင်း လုပ်ကိုင်စား သောက်ကြသည် အိမ်ထောင်စုများရှိပါသည်။

မုဆိုးကျွန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့် ရေနှင့်ပတ်သက်သော အခက်အခဲများ မရှိပါ။ မော်လမြိုင်မြို့(၂၀)မိုင်ခန့်နှင့် ကျိုက်မရောမြို့ နှင့်(၁၀)ခန့် ကွာဝေးသောကြောင့် မျိုး တိရိစ္ဆာန်ရရှိမှု၊ အစာနှင့်ဆေးများကို ဝယ်ယူရာတွင် လမ်းခရီးခက်ခဲ သောကြောင့် မလွယ်ကူပါ။တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့်ရှိသဖြင့် မွေးမြူနိုင်ပါသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် မိတ်ဆွေ၊ဆွေမျိုးများတွင် ချေးငွေအသင့်အတင့်ရနိုင်ပါသည်။

မုဆိုးကျွန်းကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစား နိုင်သည့် စားကျက် မြေအနည်းငယ်သာရှိပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ် ဆေးထိုးခြင်း ဝန်ဆောင်မှုများ ရယူရန်အတွက် မွေး/ကု ဦးစီးဌာနသို့ သွားရောက်ဆက်သွယ်ပါက လာရောက်၍ တိရိစ္ဆာန် များအား ကာကွယ်ဆေးထိုးနှံခြင်း ရောဂါအခြေအနေအရဝန်ဆောင်မှုပေးခြင်း မျိုးရှိပါသည်။ကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ သိပညာများ လိုအပ်နေပါသည်။ကျေးရွာတွင် ငါးဖမ်းလုပ်ငန်းနှင့် ပတ်သက်၍ စီးပွားဖြစ် မွေးမြူလုပ်ကိုင် သည့် အိမ်ထောင်စုများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

မုဆိုးကျွန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ မိုးစပါးနှင့် နွေစပါး နှစ်သီးစားစိုက်ပျိုးခြင်း ဆောင်ရွက်နိုင်သော်လည်း စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း ဆောင်ရွက်သူသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ မုဆိုးကျွန်းကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်းလုပ်ကိုင်နေကြသော အိမ်ထောင်စုများမှ မိသားစုဝင်များသည် မိမိတို့ အသက်မွေးဝမ်းကျောင်း ပညာရပ်နှင့်ကိုက်ညီသည့် လုပ်ငန်းလုပ်ကိုင်ရန် ကျေးရွာတွင် ခက်ခဲလှသောကြောင့် ပြည်ပဖြစ်သော ထိုင်း၊မလေးရှား နိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် အိမ်ထောင်စုအနည်းငယ်မှာမိမိတို့အသက်မွေးဝမ်း ကျောင်း နှင့်ကိုက်ညီသည့် ကျေးရွာပြည်ပဖြစ်သော မော်လမြိုင်မြို့နှင့်တခြားကျေးရွာသို့ ရွှေ့ပြောင်း၍သွားရောက်ရပါသည်။

Scanned by CamScanner

မုဆိုးကျွန်းကျေးရွာတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သော လူဦးရေမှာ ကျေးရွာ၏ သုံးပုံတစ်ပုံ ခန့်ရှိပါသည်။အလုပ်လုပ်နိုင်သော အမျိုးသား၊အမျိုးသမီးအများစုမှာ ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေအဖြင့် ထောက်ပံ့ပေးနေမှုများကိုတွေ့မြင်ရပါသည်။ကျေးရွာတွင် မိသားစုများ ပြန်လည် မှီခိုရာတွင် ပြန်ပို့ငွေအား ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)ဖြင့်လည်းကောင်း၊ ဘဏ်များဖြင့်လည်းကောင်း အိမ်ထောင်စုအနည်းငယ်မှာ လူကြုံဖြင့်လွှဲပို့ခြင်းဖြင့် လည်းကောင်း ပြန်ပို့ငွေအား မှီခိုအသုံးပြုကြရပါသည်။မုဆိုးကျွန်းကျေးရွာတွင် ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသောသူများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်အတွက် သွားရောက်ကြခြင်းဖြစ်ပါသည်။ ထို့အတူကျေးရွာအတွင်း မိမိသက်ရောက်သောအသက်မွေးဝမ်းကျောင်း ပညာရပ်နှင့်ကိုက်ညီသော စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ သွားရောက်လုပ်ကိုင်ကြခြင်းများလည်း ဖြစ်ပါသည်။

မုဆိုးကျွန်းကျေးရွာတွင် ပြည်ပနိုင်ငံသွားရောက်လုပ်ကိုင်သည့် လူဦးရေ(၄၀၀) ဦးသည် ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း တက်မြောက်ထားသော အသက်မွေးဝမ်းကျောင်း ပညာရပ်ကျေးရွာအတွင်းလုပ်ကိုင် စားသောက်ရန် အခက်အခဲဖြစ်သောကြောင့် ပြည်ပနိုင်ငံ (ထိုင်း/မလေးရှား) သို့ သွားရောက်၍ လုပ်ကိုင်ကြရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မုဆိုးကျွန်းကျေးရွာတွင် ချေးငွေဝန်ဆောင်မှုပေးသော ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ဦးစီးဌာနများ မရှိပါ။ သို့ရာတွင် ကျေးရွာအတွင်းရှိ အိမ်ထောင်စုအနည်းငယ်မှာ အရေးပေါ်ငွေလိုအပ်မှုများ ဖြစ်လာပါက နီးစပ်ရာဆွေမျိုးများထံတွင် သွားရောက်၍ကာလတို အတိုးမဲ့ချေးယူ အကူအညီ တောင်းရပါသည်။

မုဆိုးကျွန်းကျေးရွာတွင် ငွေကြေးဆိုင်ရာအထောက်အပံ့ပေးသော အဖွဲ့အစည်း ပုဂ္ဂလိက ချေးငွေကုမ္ပဏီနှင့် ငွေစုငွေချေးအဖွဲ့များ၏ ဝန်ဆောင်မှုများ မရှိပါ။ ကျေးရွာတွင် ရာသီပေါ်စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုများ၊မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စုများ၊စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများသည် လုပ်ငန်းခွင်အား တိုးချဲ့လုပ်ကိုင်နိုင် ခြင်းမရှိပါ။အဘယ်ကြောင့်ဆိုသော် အရင်းအနှီး အလုံအလောက်မရှိသောကြောင့် ဖြစ်ပါသည်။ထိုကြောင့် ကျေးရွာတွင် အတိုးနှုန်းတက်သာသော ချေးငွေမတည်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

Scanned by CamScanner

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မုဆိုးကျွန်းကျေးရွာတွင် သုံးဘီးဆိုင်ကယ်(၁)စီး၊ ဆိုင်ကယ်(၈၉)စီး၊ စက်ဘီး(၂၈)စီး၊ နွားလှည်း(၃၀)စီး၊ထော်လာကျီ(၄)စီးတို့ဖြင့် သယ်ယူပို့ဆောင်ရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် အသုံးပြု နေကြပါသည်။ မုဆိုးကျွန်းကျေးရွာ၏ အနီးဆုံးဈေးမှာ တရာနာဈေးရှိပြီး မီးဖိုချောင်သုံးပစ္စည်းများ အဝတ်အထည်များ အိမ်ဆောက်ပစ္စည်းအနည်းငယ် ဝယ်ယူနိုင်ပါသည်။ ကျေးရွာသည် မော်လမြိုင်မြို့နှင့် (၂၀) မိုင်ကျော် ကွာဝေးပြီး သွားလာရခက်ခဲသော်လည်း ဝန်ဆောင်မှုအစုံ ပစ္စည်းစုံရယူရန် အတွက်မော်လမြိုင်မြို့မဈေးသို့ သွားရောက်ရပါသည်။

မုဆိုးကျွန်းကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ ထိုကြောင့် ကျေးရွာတွင်းလမ်းများမှာ စာသင်ကျောင်းဖွင့်ချိန် မိုးတွင်းအခါတွင် ကျောင်းသား/ကျောင်း သူများသွားလာရခက်ခဲသောကြောင့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းပေးရန် လိုအပ်လျက်ရှိပါသည်။ ထိုအပြင် ကျေးရွာချဉ်းကပ်လမ်းနှင့် ရွာချင်ဆက်လမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် နွေရာသီတွင် ဖုန်ထ၍လေထုညစ်ညမ်းခြင်း မိုးရာသီတွင် ရေတိုက်စား၍ လမ်းများ ပျက်စီးခြင်းများ ဖြစ်ပေါ်သော်လည်း အခက်အခဲများကျော်ဖြတ်၍ သွားလာနေရပါသည်။ ကျေးရွာတွင် ရွာချင်းဆက်လမ်း ကျောက်ချောလမ်း ပေ(၂၀၀၀)ခန့်သာ ခင်းထားရပြီး ကျန်ရှိသောလမ်းအား ကျောက်ချောလမ်း ဆက်လက်ခင်းပေးရန် လိုအပ်လျက်ရှိပါသည်။

မုဆိုးကျွန်းကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မရှိပါ။ တံတား တည်ဆောက်မှုအခြေအနေအရ ကျေးရွာတွင် ကွန်ကရစ်တံတား(၁၉ပေx၆ပေ) အရွယ်ရှိ တံတား(၂)စင်းရှိပါသည်။မုဆိုးကျွန်းကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။ ကုန်းကြောင်းဖြင့်သာ သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မုဆိုးကျွန်းကျေးရွာတွင် အိမ်ထောင်စု(၅)စုသာ တစ်နိုင်တစ်ပိုင်ဆိုလာမီး သုံးစွဲအိမ်သာစု(၅)စုသာ ဆိုလာလျှပ်စစ်မီး သုံးစွဲကြပါသည်။ကျေးရွာတွင် ကျန်ရှိသော အိမ်ထောင်စုများ သည် ဒီဇယ်အင်ဂျင်၊ဖရောင်းတိုင်းနှင့် ရေနံဆီမီးခွက်တို့ဖြင့် စသည့် အဆင်ပြေသည့်နည်းလမ်းများဖြင့် အသုံးပြကြပါသည်။ကျေးရွာတွင် အသေးစားခါတ်အားပေးစနစ်နှင့် ဆိုလာမီးလင်းလုပ်ငန်း လိုအပ်လျက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မုဆိုးကျွန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို

Scanned by CamScanner

ဖုန်း(၄၂၀)လုံး၊ ရေဒီယို(၁၅၀)လုံး၊ တီဗွီ(၁၅)လုံး၊ဂြိုလ်တုစလောင်း(၁)လုံးစသည်တို့မှ ရရှိပါသည်။ ကျေးရွာ တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ရယူသုံးစွဲမှု အခြေအနေတွင် အခက်အခဲမ ရှိပါ။

၆။ ပညာရေး

မုဆိုးကျွန်းကျေးရွာတွင် စာမတက်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အို များ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၂၀)ဦး အထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၉၀၇)ဦး၊ အထက်တန်း အဆင့်စာတတ်မြောက်သူများနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမရှိပါ။ မုဆိုးကျွန်း ကျေးရွာတွင် ကျောင်းသား /ကျောင်းသူ များအနေဖြင့် အခြေခံပညာလယ်တန်း အထိ ပညာသင်ကြားရာတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင် မူလတန်းအဆင့် စာတက်မြောက် သော ဦးရေများပြားသည်ကို လေ့လာတွေ့ရှိရသဖြင့် အလယ်တန်းအဆင့် သင်ကြားသည့် အခြေအနေ မှာနည်းပါးသွားရပါသည်။ ကျေးရွာတွင် အလယ်တန်းပညာပြီးမြောက်ပါက အထက်တန်း ပညာအား ဆက်လက်သင်ကြားရန် ကျေးရွာတွင် အထက်တန်းကျောင်းခွဲ မရှိပါ။ အထက်တန်းကျောင်းခွဲ ရှိသော ကျေးရွာသို့ နေ့ချင်းပြန်သွားရောက်ပညာသင်ကြား ရာတွင် လမ်းမကောင်းသောကြောင့် အခက်အခဲ များစွာရှိပါသည်။

မုဆိုးကျွန်းကျေးရွာတွင် အလယ်တန်းကျောင်း ရှိပြီး စာသင်ကြားရာတွင် ဆရာမ(၁၇)ဦး ရှိပါသည်။ ကျေးရွာတွင် စာသင်ကြားမှုအခြေအနေတွင် ၆၀x၃၀ ကွန်ကရစ်ဆောင်တစ်ဆောင် ၊သစ်သားအုပ်ညှတ်တစ်ဆောင်နှင့် စာသင်ကြားရာတွင် ဆရာ(၃)ဦးနှင့် ဆရာမ(၁၄)ဦးရှိပါသည်။ ကျေးရွာ တွင် စာသင်ကြားရာတွင် ကျောင်းသုံး ပရိဘောဂမလုံလောက်မှုကြောင့် အနည်းငယ်အခက်အခဲရှိပါသည်။

မုဆိုးကျွန်းကျေးရွာတွင် အလယ်တန်းကျောင်းပညာရေးတွင် ကျေးရွာသို့ စာ လာရောက်သင်ကြားရသည့် ဆရာ/ဆရာမ များအနေဖြင့် နေရေးထိုင်ရေးအခက် အခဲဖြစ် သောကြောင့် ဆရာ/ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ လိုအပ်လျက်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

မုဆိုးကျွန်းကျေးရွာတွင် ဝမ်းပျက်ဝမ်းလျောရောဂါ၊ သွေးလွန်တုပ်ကွေး ရောဂါ နှင့် ငှက်ဖျားရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း မုဆိုးကျွန်းကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးကုသခန်းသို့ သွားရောက် ကုသကြသဖြင့် သက်သာပျောက် ကင်းကြ ပါသည်။မုဆိုးကျွန်းကျေးရွာအတွင်းရှိကျေးလက်ကျန်းမာရေးဌာနခွဲမှ ခလေးငယ်များကို ကာကွယ်ဆေးများ နှစ်စဉ်လာရောက် တိုက်ကြွေးကြပါသည်။ ထိုအပြင်ကျေးရွာတွင်

Scanned by CamScanner

အဆုတ်ရောဂါခံစား နေရသောသူ အနည်းငယ်ရှိပါသည်။ တစ်ခါတစ်ရံကျန်းမာရေး ပညာပေးအစီအစဉ်များလည်း ရှိပါသည်။

မုဆိုးကျွန်းကျေးရွာ ကျေးရွာအုပ်စုကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးပေးခန်းနှင့်ဆေးကုသဆောင်ရှိသည့်အပြင် ဆေးဝါးအလုံအလောက်ရှိပါသည်။ မုဆိုးကျွန်းကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းကိုသာ အဓိကထား အသုံးပြုလျှက်ရှိပါသည်။ကျေးရွာတွင် အဝေစိတွင်း(၂)တွင်းရှိပြီး စနစ်တကျကာရံထားပါသည်။ ကျေးရွာသည် ဇာသပြင်မြစ်နှင့် နီးသောကြောင့် သုံးစွဲရန်အတွက် ရေအလုံအလောက်ရှိပါသည်။

မုဆိုးကျွန်းကျေးရွာတွင် သန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု (၄၀၀)စုနှင့် တွင်း/ဇလားအိမ်သာ အသုံးပြုသောအိမ်ထောင်စု(၆၀)စုတို့သည် ကျန်းမာရေးအသိ ပညာရှိစွာ အသုံးပြုကြပါသည်။မုဆိုးကျွန်းကျေးရွာတွင် စိုက်ပျိုးရေးအနေဖြင့် မြေဆီသြဇာ အခြေအနေ မှာ ညံ့ပါသည်။မုဆိုးကျွန်းချောင်းတွင် ဝမ်းစာဖူလုံမှုအတွက် ငါးဖမ်းမှုများရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မုဆိုးကျွန်းကျေးရွာတွင် မိုးရာသီရေကြီးမှုသည် ကျေးရွာအရှေ့ဘက် ဇာသပြင်မြစ်ကမ်းနား နေထိုင်သည့် နေအိမ်များမှအပ ကျန်ကျေးရွာသူ၊ ကျေးရွာသားများသည် သဘာဝဘေးအန္တရာယ်ကင်းဝေးကြပါသည်။ကျေးရွာသည် ခြောက်သွေ့သော နွေရာသီနှင့် ဆောင်ရာသီတို့တွင် မီးဘေးအန္တရာယ် အထူးဂရုပြု၍ မီးသတ်အဖွဲ့မှ လျှပ်စစ်မီးသုံးစွဲရာတွင် လည်းကောင်း မီးဖိုမီး၊ထင်းမီးနှင့် အမှိုက်မီးတို့အား ဂရုစိုက်ရန် ဆော်သြလှုပ်ဆော်ကြပါသည်။ကျေးရွာတွင် ရေကြီးရေနစ်မြှုပ်မှု အန္တရာယ်များအနေဖြင့် ကျေးရွာသူ/ရွာသားများမှာ ထိခိုက်ခံစားမှုမရှိကြပါ။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မုဆိုးကျွန်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင် ဆောင်ရွက်နေကြပါသည်။ ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့ရှိပါသည်။ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရ မည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများ ဆိုင်ရာအခြေခံသဘောတရားများကို သိရှိရန်အားနည်း လျက်ရှိကြပါသည်။

Scanned by CamScanner

ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် -မူဆိုးကျွန်း			ကျေးရွာအမည် -မူဆိုးကျွန်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကျေးရွာတွင်း လမ်းအား (၈၀၀'x၁၂'x၉")ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း	
၂။	မီးလင်းရေး	လျှပ်စစ်မီးသုံးစွဲနိုင်စေရန်	အသေးစားလျှပ်စစ် ဓါတ်အား ရရှိရေးလုပ်ငန်း ဆိုလာမီးလင်းရေးလုပ်ငန်း	
၃။	ပညာရေး	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	စာသင်ကျောင်း သင်ထောက်ကူ ပရိဘောဂ ရရှိရေးလုပ်ငန်း၊စာသင်ကျောင်းဆောင်သစ်ရရှိရေး လုပ်ငန်း	
၄။	ပညာရေး	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကျေးလက်ဝန်ထမ်း အိမ်ယာတည်ဆောက်ခြင်း လုပ်ငန်း	

Scanned by CamScanner

ကျေးရွာအုပ်စုအမည် -မူဆိုးကျွန်း			ကျေးရွာအမည် -မူဆိုးကျွန်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၅။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကျေးရွာချင်းဆက်လမ်း အား ကတ္တရား လမ်း ခင်းခြင်း လုပ်ငန်း	

Scanned by CamScanner

နောက်ဆက်တွဲ(၁)မုဆိုးကျွန်းကျေးရွာပွဲဖြိုးရေးကော်မတီများ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှဝင်း	ဦးဟရီစာမွတ်	KMW-၁၂၇၉၆၂	၅၄	နာယက	၀၉-၇၈၄၇၂၉၁၀၉
၂	ဦးရှိုးဖီလေး	ဦးနိုဇီရာမွတ်	KMW-၀၉၉၇၂၇	၆၂	ဒုတိယ	၀၉-၇၉၃၈၃၉၀၆၃
၃	ဦးကျော်မြင့်	ဦးမင်းဒင်	KMW-၁၂၉၀၁၃	၆၃	အတွင်းရေးမှူး	၀၉-၇၇၈၂၇၄၃၅၅
၄	ဦးမောင်မောင်	ဦးလှဝေ	၁၀/မဒန(နိုင်)၀၂၁၂၀၆	၄၅	တဏှာရေးမှူး	၀၉-၇၉၂၃၅၇၆၄၉
၅	ဦးကာရာမော့	ဦးဒေဝါနာအာလီ	KMW-၁၂၇၉၄၃	၅၆	အဖွဲ့ဝင်	၀၉-၇၇၁၀၀၄၅၅၆၀
၆	ဦးဆာဒီ	ဦးဃေက်	EF-၄၈၃၃၉	၇၅	အဖွဲ့ဝင်	၀၉-
၇	ဦးဝါဒူလေဉ	ဦးဟိုနီဒါမွတ်	KMW-၁၂၇၉၆၅	၅၇	အဖွဲ့ဝင်	၀၉-၇၇၅၅၂၆၀၁၈
၈	ဦးကျိုလူး	ဦးအာဘူလာ	KMW-၀၈၀၄၀၄	၆၅	အဖွဲ့ဝင်	၀၉-
၉	ဦးအေးဝင်း	ဦးကိုဒူ	KMW-၁၂၉၀၇၁	၅၀	အဖွဲ့ဝင်	၀၉-၇၉၀၄၇၅၂၀၉
၁၀	ဦးမောင်မြင့်	ဦးအီနွတ်	၁၀/တထန(နိုင်)၁၀၂၄၈၉	၄၇	အဖွဲ့ဝင်	၀၉-၇၆၆၉၁၆၅၅၃၁၀
၁၁						

Scanned by CamScanner

နောက်ဆက်တွဲ(၁)မုဆိုးကျွန်းကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅၁	၆၃	၁၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၀၃	၁၀၁	၂၀၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈၀	၁၅၃	၂၈၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၁၀	၃၀၀	၅၁၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၀၁	၁၀၂၀	၁၆၂၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃၀	၂၀၅	၃၃၅
စုစုပေါင်း:		၁၂၆၅	၁၈၅၂	၃၁၁၇
စုစုပေါင်း: အိမ်ထောင်စု		၄၆၀		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။မုဆိုးကျွန်းကျေးရွာတွင် အိမ်ထောင်စု (၄၆၀) စု၊ လူဦးရေ (၃၁၁၇) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၁၁၄)ဦး၊ ၅ နှစ်အောက် ကလေးအရွယ် (၂၀၄)ဦး ၊ မူလတန်းကျောင်းသားအရွယ် (၂၈၃)ဦး ၊ အလယ်တန်း ကျောင်းသား အရွယ် (၅၁၀)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၁၆၂၁)ဦး၊ သက်ကြီးရွယ်ကြီးအရွယ် (၃၃၅)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေ (၁၄၉၆)ဦး နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၆၀၁) ဦး၊ မ (၁၀၂၀) ဦး စုစုပေါင်း (၁၆၂၁) ဦး ရှိပါသည်။ ထို့ကြောင့် မုဆိုးကျွန်းကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၁၆၂	၂၀၄	-	မြင့်☑ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် ☐လတ်☐နိမ့်☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၈၂	၉၄	–	မြင့်☑လတ်☐နိမ့်☐

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ကာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၂	ငါးလုပ်ငန်း (ရေရှိ/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၅	၁၀	–	မြင့်□လတ်☑ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
နိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၄၆	၆၂	–	မြင့်□လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	–	မြင့်□လတ်□နိမ့် □
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	–	မြင့်☑ လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	လက်လီ-လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၁	–	မြင့်☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□ နိမ့်□
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆	–	မြင့်☑လတ်□နိမ့်□

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	-	-	–	မြင့် □လတ် □နိမ □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	–	မြင့် □လတ် □ နိမ့် □
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	–	မြင့် □ လတ် ☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ □
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၄၃	၂၀၈	–	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	–	မြင့် □လတ် □နိမ့် □
	စုစုပေါင်း	၄၆၀	၆၀၀	–	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ

Scanned by CamScanner

၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။မုဆိုးကျွန်းကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စု (၁၆၂)စုရှိပြီး တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စု(၁၁)စု ရှိပါသည်။ ကျေးရွာတွင်ပို့ဆောင်ရေး လုပ်ငန်းတွင် ကားမောင်းပြီးအသက်မွေးသော အိမ်ထောင်စု(၆)စု၊(၆) ဦး ရှိပြီး ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာ များပြားလှပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေများပြား ပါသည်။ စီးပွားဖြစ် နွားၤအသားတိုး/ဥစားကြက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၈၂)စုနှင့် အချို့သော အိမ်ထောင်စုများမှာ တစ်ပိုင်တစ်နိုင် ဝမ်းစားဖူလုံရုံမျှသာ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၃၅၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၇၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	–	–	–	–

ရှင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။မုဆိုးကျွန်းကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်း ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ် နိုင်မှုအပေါ်တွင်

Scanned by CamScanner

မူတည်ပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာကိုသာစိုက်ပျိုးကြပြီး နေ့စားလုပ်အားခ အများဆုံး အနေဖြင့် ကျား-၆၀၀၀ / မ-၅၀၀၀ ရရှိပါသည်။ ကျေးရွာတွင် လက်သမား/ပန်းရံလုပ်ကိုင်သော အလုပ်သမား များ၏ လုပ်အားခမှာ ကျား/၁၀၀၀၀ နှုန်း ရရှိပါသည်။ ထိုပြင် ပြည်ပသို့ သွားရောက် လုပ်ကိုင်သူ များ၏ လုပ်ငန်းများကို မသိရှိ သောကြောင့် လုပ်အားခ ပမာဏကို မသိရှိရပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၉၇၃	ကောင်း ☐	သင☑	ည့ံ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ည့ံ ☐
ဥယျာဉ်ခြံမြေ	၇၀၀	ကောင်း ☑	သင့်☐	ည့ံ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ည့ံ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ည့ံ ☐
စားကျက်မြေ	၁၃၇	ကောင်း ☐	သင့်☐	ည့ံ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ည့ံ ☑
စုစုပေါင်း	၁၈၁၀	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မုဆိုးကျွန်းကျေးရွာတွင် လယ်မြေ (၉၇၃) ဧက၊ ဥယျာဉ်ခြံမြေ (၇၀၀) ဧက နှင့် စားကျက်မြေ(၁၃၇)ဧကတို့ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဥယျာဉ် ခြံမြေများတွင် ကြက်မောက် ပင်၊ ကျွဲကောပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒

Scanned by CamScanner

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မုဆိုးကျွန်းကျေးရွာတွင် ကျောက်၊ သဲ၊ မြစ်ကျောက်စရစ်များသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင် တွင်မရှိသော်လည်း မော်လမြိုင်မြို့နှင့် (၂၀)မိုင်ခန့်ကွာဝေးသောကြောင့် အလွယ်တကူ ဝယ်ယူရရှိ အသုံးချနိုင်သောလည်း လမ်းပန်းဆက်သွယ်ရေးမှာ ခက်ခဲလှပါသည်။မုဆိုးကျွန်း ကျေးရွာတွင် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုး စိတ်များ ရှားပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂ဧက	၆ဧက	၂ဧက	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ်ထောင်/သွပ်မိုး	ဝါးခရဲ/သွပ်မိုး	ဝါးခရဲ/ဖက်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား	ဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	လယ်	ခြံ	နေ့စား/ကျပန်း	နေ့စား/ကျပန်း
အိမ်ထောင်စု	၁၀၅	၁၅၀	၁၃၀	၇၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။**မုဆိုးကျွန်း**ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၀၅)စုရှိပြီး အဓိက အနေဖြင့် မြေဧက(၁၂)ဧကအထက်အဖြစ်ပိုင်ဆိုင်သော အိမ်ထောင်စုများဖြစ်ပါသည်။ မုဆိုးကျွန်းကျေးရွာ တွင် အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၅၀))စုသည် ကိုယ်ပိုင်စိုက်ပျိုးရေးနှင့်လယ်ဧက(၆)ဧကအထက် ပိုင်ဆိုင်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများသည် ဈေးရောင်း အိမ်ထောင်စု၊ နေ့စား/ကျပန်း နှင့် ဆိုင်ကယ်Taxiများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် နေ့စားကျပန်း များဖြစ်ပြီး စသည့်ရာသီလိုက် ကြံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

Scanned by CamScanner

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။မုဆိုးကျွန်းကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	–	-	–
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၀၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မုဆိုးကျွန်းကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများ မရှိသော်လည်း ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁၅)စု ၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၅)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု (၁၀၀)စုတို့ရှိကြပြီး အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်း ကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

Scanned by CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑	လတ်☐	နိမ့်☐	မရှိ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

